အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၃၅

၂ ဇွန် ၂၀၂၃

# ပြည်ထောင်စုဝန်ကြီးအား ဆစ်ဒနီငြိမ်းချမ်းရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးဆု ချီးမြှင့်

မေ ၃၀

မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီလိုလားသူ မျိုးဆက်သစ် များအား လှုံ့ဆော်ပေးနိုင်သည့်အတွက် အမျိုးသားညီညွတ်ရေး အစိုးရ – NUG ၏ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းအား ဩစတြေးလျနိုင်ငံ အခြေစိုက် ဆစ်ဒနီ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း လူ့အခွင့်အရေးဆိုင်ရာ ရွှေတံဆိပ်ဆု အား ချီးမြှင့်လိုက်သည်။

အဆိုပါဆုအား ဇွန်လ ၂ ရက်တွင် ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် လက်ခံရယူမည်ဖြစ်ပြီး ဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ဆစ်ဒနီငြိမ်းချမ်းရေးဖောင်ဒေးရှင်း ဘုတ်အဖွဲ့ဝင်နှင့် အာရှ ပစိဖိတ်ရေးရာကျွမ်းကျင်သူ ဒေါက်တာဆူဇန်ဘင်ကီက "မြန်မာ နိုင်ငံမှာ ဒီမိုကရေစီလိုလားတဲ့ မျိုးဆက်သစ်တွေကို လှုံ့ဆော် ပေးခဲ့တဲ့ ဝန်ကြီးဦးအောင်မျိုးမင်းကို ဆစ်ဒနီငြိမ်းချမ်းရေး ဖောင်ဒေးရှင်းက လူ့အခွင့်အရေးဆိုင်ရာ ရွှေတံဆိပ်ဆုနဲ့ အသိအမှတ်ပြုခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်"ဟုပြောသည်။

ဆုပေးအပ်ချီးမြှင့်မှုအား ဆစ်ဒနီတကက္ကသိုလ်တွင် ပြုလုပ်မည် ဖြစ်ကာ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေ နှင့် ဒီမို ကရေစီအသွင်ကူးပြောင်းရေးခြေလှမ်းများအကြောင်းကို လည်း



ပြည်ထောင်စုဝန်ကြီးသည် လက်ရှိရာထူးမထမ်းဆောင်မီက မြန်မာနိုင်ငံအတွင်း လူသိများထင်ရှားသည့် လူ့အခွင့်အရေး လှုပ်ရှားသူတစ်ဦးဖြစ်ကာ ၂၀၁၇ ခုနှစ်က ချီးမြှင့်ခံခဲ့ရသည့် Schuman Human Right Award အပါအဝင် လူ့အခွင့်အရေး ဆိုင်ရာ ဆုပေါင်း ရှစ်ဆု ရရှိထားသူလည်း ဖြစ်သည်။




မိဘပြည်သူများခင်ဗျာ…
မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။
ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့ တိုင်ကြားနိုင်ပါတယ်။

## မေလ ၁၆ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



မေလ ၁၆ ရက်နေ့မှ ၃၁ ရက်အတွင်း အကြမ်းဖက်စစ်တပ်သည် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်တွင်း စစ်ပြေးပြည်သူများ ခိုလှုံနေသည့် ထီးကုန်းရွာ ဘုန်းကြီးကျောင်းကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူနှစ်ဦး သေဆုံးခြင်း၊ မြင်းခြံမြို့နယ် မကျီးစုကျေးရွာ၌ စစ်တပ်မှ စစ်ကြောင်းထိုး ဝင်ရောက်ခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်စီးခဲ့ပြီး နေအိမ်များနှင့်အတူ အမျိုးသမီးတစ်ဦး မီးလောင်သေဆုံးခဲ့ခြင်း၊ တနင်္သာရီတိုင်း၊ ထားဝယ်မြို့ ဒေါင်းငူရပ်ကွက်ရှိ ပြည်သူတစ်ဦးကို စစ်တပ်က နေအိမ်တွင် လာရောက်ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် စစ်ကြောရေးတွင် နှိပ်စက်သတ်ဖြတ်လိုက်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် တောင်မွှာကျေးရွာနှင့် ကြွေပုဂံကျေးရွာတို့အား စစ်တပ်မှ သေနတ်ပစ်ဖောက်ဝင်ရောက်ခဲ့ပြီး အဆိုပါကျေးရွာမှနေအိမ် ၁၇၃လုံးအား မီးရှို့ပြီး ရွာသား၆ဦးအားမီးရှို့သတ်ဖြတ်မှုဖြစ်ပွားခြင်း၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ဒေါက်ကျေးရွာ သို့ စစ်တပ်မှ လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သောကြောင့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၁၈ နှစ်အောက် ၂ဦး သေဆုံးကာ သံဃာတစ်ပါး၊ ကိုရင်နှစ်ပါး၊ ဘုန်းကြီးကျောင်းသားတို့ ဒဏ်ရာရရှိခဲ့ခြင်း  အပါအဝင် တစ်နိုင်ငံလုံးတွင် မတရား သတ်ဖြတ်ခြင်း (၇၁)မှု ခန့် မှတ်တမ်းပြုစုနိုင်ခဲ့သည်။

## မေလ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုများ




မေလ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာထောင်တွင်းတရားရုံးမှ မုံရွာလူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီ သပိတ်ခေါင်းဆောင် အား နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့် မတရားစွပ်စွဲအမိန့်ချလိုက်ခြင်း၊ မြောင်မြို့နယ်၊ ပန်းညိုကျေးရွာကို အကြမ်းဖက်စစ်တပ်က ဒရုန်းဖြင့် အီနာဂါဗုံးသီး ၄ လုံးတွဲပြီး ကြဲချခဲ့သည့်အတွက် နေအိမ်ထိခိုက်ပျက်စီးရခြင်း၊ ရွှေဘိုမြို့နယ်၊ ညောင်ပင်သာကျေးရွာသို့ အကြမ်းဖက်စစ်တပ်အင်အား ၁၀၀ ကျော်ဖြင့် စီးနင်းမွှေနှောက်ပြီး ပြည်သူပိုင်ပစ္စည်းများအား ဖောက်ထွင်းခိုးယူကာ စိုက်သိပ္ပံကျောင်းထဲသို့ ကားဖြင့် သယ်ယူပြီးနောက် မသယ်နိုင်သည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်း၊

အရာတော်မြို့နယ် တောင်မွာကျေးရွာနှင့် ကြွေပုဂံကျေးရွာတို့အား စစ်တပ်မှ သေနတ်ပစ်ဖောက်ဝင်ရောက်ခဲ့ပြီး နေအိမ် ၁၇၃လုံး အား မီးရှို့ပြီး ရွာသားဖဒြိုးအားမီးရှို့သတ်ဖြတ်မှုဖြစ်ပွားခြင်း၊ ချောင်းဦးမြို့နယ်၊ ကမ္ဘကျေးရွာသို့ အကြမ်းဖက်စစ်အုပ်စုက စစ်ကြောင်း ထိုးဝင်ရောက် လာပြီး ည ၉ နာရီအချိန်တွင် ကျေးရွာကို မီးတင်ရှို့ကာ ဒေသခံ ၂ ဦး ပစ်သတ်ခဲ့ပြီး လူ ၆၀ ကျော်ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်း တို့ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု (၆၇)ခု မှတ်တမ်းရရှိခဲ့ပြီး တစ်နိုင်ငံလုံးတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရမှု အများဆုံးဖြစ်သည်။

## “Crime Against တင် မဟုတ်ဘဲ War Crime မြောက်တာ တွေ့ရတယ်”

မေ ၃၀

“အကြမ်းဖက်စစ်ကောင်စီ လက်ရှိလုပ်ဆောင်နေတဲ့ နေအိမ်မီးရှို့မှုတွေကို အရင်ကတည်းက တိုင်းရင်းသားဒေသ တွေမှာ လုပ်ဆောင်ခဲ့တဲ့ ဖြတ် ၄ ဖြတ်ကို လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ အဲ့ဒီဖြတ် ၄ ဖြတ်မှာ လူ့အသတ်တွေသတ်ဖြတ်တာ၊ သတင်းတွေကို အဆက်ဖြတ်တာ၊ ဘယ်တော့မှ ဒီဒေသမှာ ဆက်လက်ရှင်သန်နေထိုင်လို့မရစေရန် အဆုံးစွန်ထိလုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ဒီလိုနေအိမ်တွေကို ဖြတ်လိုက်ခြင်းအားဖြင့် ပြည်သူတွေက ထွက်ပြေးသွားလို့ စစ်ကောင်စီက ဒီဒေသမှာ လုံခြုံရေးအတွက်စစ်ရေးဆိုင်ရာအရ လက်ဦးမှုရယူလိုက်ခြင်း ဖြစ်တယ်။ ဒါကြောင့် စစ်ပွဲကာလမှာ အရပ်သားပြည်သူတွေကို အခုလိုအခြေအနေမဲ့ဖြစ်ပြီး အစုလိုက်အပြုံလိုက်နေရာက မောင်းထုတ်ခြင်းက လူသားမျိုးနွယ်ကိုထိခိုက်တဲ့ရာဇဝတ်မှု - Crime Agains တင်မဟုတ်ဘဲ စစ်ပွဲတိုက်ခိုက်မှုဆိုတဲ့ ပုံစံအတွင်းမှာ ကျူးလွန်တဲ့စစ်ပွဲဆိုင်ရာရာဇဝတ်မှု - War Crime မြောက်တာ တွေ့ရပါတယ်။ အကြမ်းဖက်စစ်ကောင် စီတပ်က ပြည်သူတွေကို သတ်ဖြတ်ပြီး မီးရှို့ကာ သဲလွန်စပျောက်အောင် ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံတကာခုံရုံးတင်တဲ့အခါ ဘယ်သူ/ဘယ်ဝါ၊ ကျား/မ ဆိုတာမသိအောင် အချက်အလက်စုဆောင်းသူတွေ အနေနဲ့ စုံစမ်းဖို့ခက်ခဲအောင် တမင်သက်သက် လုပ်ဆောင်တာ ဖြစ်ပါတယ်” - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး - လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ – NUG** (Myanmar Now သတင်းဌာနနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်း ကောက်နုတ်ချက်)

## ဩစတြေးလျ တက္ကသိုလ်များတွင် ပြည်ထောင်စုဝန်ကြီး မြန်မာ့အရေးဟောပြော

မေ ၂၂

မြန်မာ့နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့် ငြိမ်းချမ်း ရေးအတွက် လိုအပ်သည့် အကာအကွယ်များနှင့် ပတ်သက်၍ အမျိုး သားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ဩစတြေးလျနိုင်ငံ တက္ကသိုလ်လေးခု၌ ဩစတြေးလျ ကျောင်းသားများအား ဟောပြောပို့ချခြင်းများ ပြုလုပ်ခဲ့သည်။ “HUMAN RIGHTS AND PROSPECTS FOR PEACE IN MYANMAR” ဖြင့်ပြုလုပ်မည့် ဟောပြောပို့ချမှုအား ဩစတြေးလျ အမျိုးသားတက္ကသိုလ် - ANU ၊ ကာတင် - Curtin တက္ကသိုလ်၊ မဲလ်ဘုန်းတက္ကသိုလ်၊ ဆစ်ဒနီတက္ကသိုလ်တို့တွင် ပြုလုပ်ခြင်း ဖြစ်ကာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူတိုင်း တက္ကသိုလ် များ၏ အင်တာနက်စာမျက်နှာများမှ တစ်ဆင့် မှတ်ပုံတင်ကာ တက်ရောက်နား ထောင်ခွင့် ပေးခဲ့သည်။

# မြန်မာ့အရေးအတွက် ဩစတေးလျအမတ်နှင့် အစိုးရအဖွဲ့ဝင်များအား တွေ့ဆုံ

**(ပြည်ထောင်စုဝန်ကြီး၏ မေလ ၂၂ ရက်မှ ၂၈ ရက်အတွင်း ဩစတြေးလျခရီးစဉ်မှတ်တမ်း)**




မြန်မာ့ ဒီမိုကရေစီရေးနှင့် ပတ်သက်၍ ဩစတြေးလျ ပြည်နယ်လွှတ်တော်အမတ်များအား ဩစတြေးလျနိုင်ငံ Perth မြို့ အနောက်ပိုင်းပြည်နယ် လွှတ်တော်အဆောက်အဦ၌ မေလ ၂၂ ရက်က အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့် အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းနှင့် အဖွဲ့က သွားရောက်တွေ့ဆုံခဲ့သည်။

တွေ့ဆုံမှုအတွင်း လွှတ်တော်အမတ်များဖြစ်သည့် Hon Kate Doust MLC နှင့် Hon Meredith Hammat MLA ၊CRPH/NUG Support Group (Western Australia) အဖွဲ့ ကိုယ်စားလှယ်များ ပါဝင်ကာ မြန်မာ့အရေးနှင့် ပတ်သက်၍ ပွင့်လင်းစွာ အမြင်ချင်း ဆွေးနွေးဖလှယ်ခဲ့သည်။

မေလ ၂၄ ရက်မှ ၂၆ ရက်အထိလည်း ဩစတြေးလျ နိုင်ငံ ကင်ဘာရာမြို့၌ ဩစတြေးလျ အစိုးရတာဝန်ရှိသူများ၊ သံတမန်များ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း တာဝန်ရှိသူများနှင့် ထပ်မံတွေ့ဆုံခဲ့သည့်အပြင် အစိုးရနှင့် ဝန်ကြီးဌာန၏ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ ဩစတြေးလျ SBS World News ၏ တွေ့ဆုံမေးမြန်းမှုအား လက်ခံဖြေကြားပေးခြင်းများပါ ပြုလုပ်ခဲ့သည်။

မေလ ၂၇ ရက်တွင် ဆစ်ဒနီမြို့ရှိ Villawood Senior Citizen Hall တွင် ပြုလုပ်သည့် နွေဦးတော်လှန်ရေး ရန်ပုံငွေဈေးရောင်း




ပွဲသို့ ပါဝင်တက်ရောက်ခဲ့ကာ နေ့လယ်ပိုင်းတွင် Burmese Rohingya Community Australia – BRCA အဖွဲ့နှင့် ထပ်မံတွေ့ဆုံခဲ့သည်။ ယင်းနေ့ ညနေပိုင်းတွင် CRPH/NUG Support Group (News South Wales) က စီစဉ်ကာ Auburn Town Hall လူထုတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ထို့ပြင် မေလ ၂၈ ရက်တွင်လည်း ပြည်ထောင်စု ဒုတိယ ဝန်ကြီး ခွန်းဗဟန်းထန်၊ NUG ဩစတြေးလျကိုယ်စားလှယ်ရုံး ကိုယ်စားလှယ် ဒေါက်တာထွန်းအောင်ရွှေနှင့်အတူ မဲလ်ဘုန်းမြို့ ရှိ CRPH/NUG Support Group (Victoria Groupu အဖွဲ့သား များနှင့် တွေ့ဆုံကာ Collingwood Town Hall တွင် ပြုလုပ် သည့် လူထုတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။ လူထုတွေ့ဆုံပွဲ၌ ဩစတြေးလျနိုင်ငံရောက် မြန်မာ၊ မွန်၊ ရှမ်း၊ ကချင်၊ ကရင် စသည့် တိုင်းရင်းသားများ၊ နိုင်ငံရေးနှင့် တော်လှန်ရေးအစုအဖွဲ့ များလည်း တက်ရောက်ခဲ့သည်။ တွေ့ဆုံမှုအတွင်း အစိုးရနှင့် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ NUG ဩစတြေးလျ ကိုယ်စားလှယ်ရုံး၏ လုပ်ဆောင်နေမှုများအပြင် ဩစတြေးလျ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှု၊ ဩစတြေးလျ ပြည်နယ်အသီးသီးသို့ သွားရောက်ခဲ့သည့် ခရီးစဉ်များကိုလည်း တက်ရောက်သူများထံ အစီရင်ခံခဲ့သည်။ အစီရင်ခံမှုအတွင်း တက်ရောက်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက မေးမြန်းမှု များကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည် ဖြေကြား ခဲ့သည်။

# မြန်မာမိသားစု တွေ့ဆုံပွဲနှင့် Bond ရောင်းပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ကိုယ်တိုင် တက်ရောက်

မေ ၂၂

ဩစတြေးလျနိုင်ငံ Perthမြို့တွင် ပြုလုပ်သည့် နွေဦးတော်လှန်ရေး ရန်ပုံငွေ ဈေးရောင်းပွဲနှင့် NUG EoD, Bond ရောင်းချပွဲအား မေလ ၂၁ ရက်က ပြုလုပ်ခဲ့သည့် အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း၊ ဒုတိယပြည်ထောင်စုဝန်ကြီး ခွန်းဗဟန်းထန်တို့ တက်ရောက် ပါဝင်ခဲ့သည်။

ယင်းဈေးရောင်းပွဲအား Perth Town Hall တွင် ပြုလုပ်ခြင်းဖြစ်ကာ ဈေးရောင်းပွဲမတိုင်မီ ပြုလုပ်သည့် Perth မြို့အခြေစိုက် မြန်မာတိုင်းရင်းသားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ NUG ဩစတြေးနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ဒေါက်တာ ထွန်းအောင်ရွှေနှင့် မြန်မာ့အရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ထို့နောက် ဈေးရောင်းပွဲအား ပြုလုပ်ခဲ့ပြီး ဈေးရောင်းပွဲအပြီး ပြုလုပ်သည့် လူထုတွေ့ဆုံပွဲသို့ ဆက်လက်တက်ရောက်ခဲ့ပြီး အမျိုးသားညီညွတ်ရေးအစိုးရနှင့် လူ့အခွင့်အရေးဝန်ကြီးဌာနတို့က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို အသိပေးတင်ပြခြင်း၊ ကိုယ်စားလှယ်ရုံး၏ ဆောင်ရွက်နေမှုများကို တင်ပြအစီရင်ခံခြင်းများကို ပြုလုပ်သည်။

# World Cultural Diversity Day သို့ ပြည်ထောင်စု ဒုတိယဝန်ကြီး တက်ရောက်

မေ ၂၁



ဩစတြေးလျနိုင်ငံတွင် ပြုလုပ်သည့် World Cultural Diversity Day အခမ်းအနားအား ဩစတြေးလျနိုင်ငံရှိ Comfort Care & Community Services က မေလ ၂၁ ရက်တွင် ပြုလုပ်ရာ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ခွန်းဗဟန်းထန် တက်ရောက်ခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးအသီးသီး၏ မတူကွဲပြားသည့် ယဉ်ကျေးမှုများအား တန်ဖိုးထား မြတ်နိုးကာ တစ်ဦးနှင့် တစ်ဦး ချစ်ခင်ကြင်နာစွာ နေထိုင်နိုင်ရန်အတွက် လေ့လာသင်ယူမှုများအား ဂုဏ်ပြုသည့်နေ့ အထိမ်းအမှတ်ဖြစ်ကာ ယင်းအဖွဲ့အား ဩစတြေးလျရောက် ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်များ စုပေါင်းကာ ဖွဲ့စည်းထားခြင်း ဖြစ်သည်။

# “ရွာထဲမှာကျန်ခဲ့တဲ့ အမျိုးသားတစ်ယောက်ကို ဝိုင်းပစ်တာ”

**စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ် တောင်မွှာရွာအား အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက ပစ်ခတ်၊ မီးရှို့မှုကြောင့် ဒေသခံသက်ကြီးရွယ်အို ခြောက်ဦးသေဆုံးခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ ဗကသ မြေပြင်တာဝန်ခံအား ဆက်သွယ်မေးမြန်းခြင်း**

စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်ရှိ တောင်မွှာနှင့် ကြွေပုဂံကျေးရွာတို့အား အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက ပစ်ခတ်မီးရှို့ခဲ့သည့်အတွက် သက်ကြီးရွယ်အို ၆ ဦး သေဆုံးခဲ့ကာ ပြည်သူပိုင်နေအိမ် ၁၇၃ လုံး မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ရသည်။

ပစ်ခတ်မီးရှို့မှုကို အရာတော်အခြေစိုက် စစခ – ၁၀ နှင့် ၅၀၀၄ တပ်ဖွဲ့များက ၂၀၂၃ ခုနှစ် မေလ ၂၃ ရက် နံနက်ပိုင်းတွင် အင်အား ၁၀၀ ကျော် သုံး၍ ကျူးလွန်ခဲ့ခြင်းဖြစ်ကာ အသက် ၈၀ နှင့် ၆၀ အရွယ် အမျိုးသမီးနှစ်ဦး၊ အသက် ၇၀ အရွယ် အမျိုးသားနှစ်ဦးနှင့် ၃၀ အရွယ် အမျိုးသားတစ်ဦး၊ မပြနိုင်သေးသည့် တစ်ဦးတို့ သတ်ဖြတ်ခံခဲ့ရသည်။ သေဆုံးသူများမှာ တောင်မွှာကျေးရွာနေ ပြည်သူများ ဖြစ်ကာ ကြွေပုဂံကျေးရွာနေ ပြည်သူများမှာမူ ကြိုတင်ရှောင်ရှားနိုင်သည့်အတွက် သတ်ဖြတ်ခံရခြင်း အန္တရာယ်မှ ကင်းလွတ်ခဲ့သည်။

“မေလ (၂၃) ရက်၊ မနက်ခင်း (၈) နာရီလောက်မှာ စဝင်ပါတယ်။ သေနတ်ပစ် ဝင်ပါတယ်။ ရွာထဲမှာ ကျန်ခဲ့တဲ့ အမျိုးသားတစ်ယောက်ကို ဝိုင်းပစ်တာ တစ်ယောက်သေသွားတယ်။ မေလ (၂၄) ရက်နေ့ မနက်ခင်း (၆) နာရီမှာ မီးစရှို့တယ်။ မီးရှို့တာ မီးထဲမှာ မိန်းမကြီးတစ်ယောက် ပါသွားတယ်ဗျာ။ ပြီးတော့ လက် နက်ကြီးက ရမ်းသမ်းထုတာတွေက ရွာသားတွေ၊ သက်ကြီးရွယ်အိုတွေ လန့်ပြီးသေတယ်။ မီးရှို့ပြီး တန်းထွက်တာ။ ချက်ချင်းမီးရှို့ပြီးတော့ ကြွေပုဂံရွာကို ထပ်ရှို့ပါတယ်။ ကြွေပုဂံကိုရှို့ပြီး ဒီနေ့ မကျီဇောက်ရွာကို ရှို့ခံရတယ်၊ မနေ့က တောင်မွှာနဲ့ ကြွေပုဂံ ရှို့ခံရပြီး ဒီနေ့ မကျီးဇောက်ကို ရှို့ပါတယ်။ (၃) ရွာရှို့ခံရပါတယ်” - **ဗကသ မြေပြင်သတင်းတာဝန်ခံ**

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၉,၃၄၇

စစ်တပ်အာဏာသိမ်းမှုအလွန် နှစ်နှစ်ကျော်ကာလအတွင်း နိုင်ငံတဝန်း လက်နက်ကိုင်ပဋိပက္ခ၊ တိုက်ပွဲပေါင်း ၉,၃၄၇ ကြိမ်ထက် မနည်းဖြစ်ပွားခဲ့ကာ ၂၀၂၃ ခုနှစ် ပထမ လေးလပတ်အတွင်း ၁,၄၀၇ ကြိမ်ထက်မနည်း ဖြစ်ခဲ့သည်။ ဖြစ်ပွားမှု၏ ၅၈ ရာခိုင်နှုန်းကျော်မှာ တိုင်းရင်းသားလက်နက်ကိုင် - EAOs ၊ ဒေသခံကာကွယ်ရေးတပ် - PDFs ပူးပေါင်းတပ်များနှင့် စစ်ကောင်စီအကြား ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ယင်းမှာ ၂၀၂၂ ခုနှစ် ဇွန်လနောက်ပိုင်း အကြိမ်အရေအတွက်အများဆုံး အခြေအနေသို့ ပြန်ရောက်လာခြင်း ဖြစ်သည်။

## ကရင် - ၅၄%

နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားမှု၏ ၅၄ ရာခိုင်နှုန်းမှာ ကရင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့ခြင်းကာ ယင်းပမာဏ၏ ၄၅ ရာခိုင်နှုန်းမှာ ဖာပွန်မြို့နယ်အတွင်း၌ ဖြစ်သည်။ စစ်တပ်အာဏာသိမ်းမှုအလွန် နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားမှု ဒုတိယအများဆုံးမှာ စစ်ကိုင်းတိုင်း ဖြစ်ကာ နိုင်ငံအနှံ့ မြို့နယ်ပေါင်း ၃၃၀ အနက် ၂၀၅ မြို့နယ်၌ ဖြစ်ပွားနေခြင်း ဖြစ်သည်။

## ၅၆ - ၆၉၃

၂၀၂၃ ခုနှစ် ပထမလေးလပတ်အတွင်း အကြမ်းဖက် စစ်ကောင်စီက မြို့နယ်ပေါင်း ၅၆ ခုထက်မနည်း၌ လေကြောင်း

တိုက်ခိုက်မှု ၄၄၂ ကြိမ်ထက်မနည်း ကျူးလွန်ခဲ့သည်။ ယင်းကာလအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲနှင့် လေကြောင်းတိုက်ခိုက်မှုအတွင်း အရပ်သား ၆၉၃ ဦးထက်မနည်း သေဆုံးခဲ့ကာ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာ လေကြောင်းတိုက်ခိုက်ခံရမှုအတွင်း ၁၅၀ ဦးထက်မနည်း သေဆုံးခဲ့သည်။

## ၃,၅၉၆

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေးကာလအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၃,၅၉၆ ဦး သေဆုံးခဲ့သည်။

## ၁၈,၅၂၂

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်အထိ နိုင်ငံရေးတက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၂,၈၄၂ ဦးအား ထိန်းသိမ်းခဲ့ပြီး ၁၈,၅၂၂ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၆,၁၂၂ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မမျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၅၆ - ၄၂

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေးသူပေါင်း ၁၅၆ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ယင်းအနက် မျက်ကွယ်သေဒဏ်ချခံရသူပေါင်း ၁၂၁ ဦး ပါဝင်ကာ ၁၁၄ ဦးမှာ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

## CDM သုံးနှစ်

အကြမ်းမဖက် အာဏာဆန့်ကျင်ရေး လှုပ်ရှားမှု - CDM တွင် ပါဝင်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ဒေါ်နေခြည်အောင်အား မေလ ၃၀ ရက်တွင် မိုးကောင်းမြို့နယ် တရားရုံးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ - ၅၂ (က) ဖြင့် ထောင်ဒဏ်သုံးနှစ် ချမှတ်လိုက်သည်။ သူမအား စစ်ကောင်စီ တပ်ဖွဲ့ဝင်များက ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ နန့်ရင်း ရပ်ကွက် နေအိမ်၌ ဧပြီလ ၇ ရက်က ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

## ရွှေကူ CDM ဆရာမ #

အာဏာဖီဆန်ရေး CDM တွင် ပါဝင်ခဲ့သော ကျောင်းဆရာမဖြစ်သူ ဒေါ်ခိုင်စိုးဝေအား အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့ဝင်များက ကချင်ပြည်နယ်၊ ရွှေကူမြို့ရှိ သူမ၏ နေအိမ်၌ မေလ ၂၇ ရက် ညနေပိုင်းက ဖမ်းဆီးခေါ်ဆောင်သွားကာ ရွှေကူမြို့မရဲစခန်း၌ ထိန်းသိမ်းထားသည်။

**ကိုးကား - AAPP, ISP Myanmar**

